စိတ်ကူးဓါတ်အားနှင့်ပညာ

# ရည်ရွယ်ချက်ထားရှိ အောင်မြင်နိုင်စွမ်း

## The Power of Significance

**John C. Maxwell**

ဌွန်–မြန်မာပြန်

mgyoe.com

mgyoe.com

ကျွန်တော်တို့အနေနဲ့ တွေ့ကြုံရင်ဆိုင်ရသော အခြေအနေတိုင်းကို
ပြောင်းလဲလို့ မရနိုင်သော်လည်း ကျွန်တော်တို့ ပြောင်းလဲချင်တဲ့အရာတွေကိုတော့
ကျွန်တော်တို့ကိုယ်တိုင် တွေ့ကြုံရင်ဆိုင်ခွင့်ရရှိမှသာ
ပြောင်းလဲလို့ရတာ တွေ့ရပါမယ်။

သင့်ရည်ရွယ်ချက် ချမှတ်ထားတဲ့အတိုင်း အဆင့်ဆင့်
အကောင်အထည်ဖော်လိုတယ်ဆိုရင် သင့်ဘက်က ထိရောက်သော
အရေးယူဆောင်ရွက်မှုတွေ ပြုလုပ်ပေးရပါမယ်။

အကယ်၍ သင်က ဘာဆိုဘာမှ အရေးယူဆောင်ရွက်ခြင်းတွေ
မလုပ်ခဲ့လျှင် သင်ဖြစ်ချင်တာတွေ တစ်ခုမှ ဖြစ်မလာနိုင်တော့ပါဘူး။
သင်က လုပ်သင့်တာတွေကို အချိန်မီလုပ်ဆောင်နိုင်မှသာ
ပြောင်းလဲခြင်းဆိုတာကလည်း စတင်ပေါ် ပေါက်နိုင်မှာဖြစ်ပါတယ်။

သင်က တစ်စုံတစ်ရာ အရေးယူဆောင်ရွက်မှုတွေ မလုပ်ခြင်းကြောင့်
ကျရှုံးမှုနဲ့ ရင်ဆိုင်ရမှာမဟုတ်သော်လည်း အောင်မြင်မှုနဲ့တော့
လွန်စွာအလှမ်းကွာဝေးနေမှာဖြစ်ပါတယ်။

# ရည်ရွယ်ချက်ထားရှိ အောင်မြင်နိုင်စွမ်း

## The Power of Significance

**John C. Maxwell**

ဘာသာပြန်-မြန်မာမြန်

AH0129
1,300.00 KS

mgyoe.com

ရည်ရွယ်ချက်ထားရှိ အောင်မြင်နိုင်စွမ်း။ ပွန်
စာမျက်နှာ ၉၂ မျက်နှာ၊ ၁၂·၇ စင်တီ× ၁၇·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၇)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ရည်ရွယ်ချက်ထားရှိ အောင်မြင်နိုင်စွမ်း

# The Power of Significance

John C. Maxwell

ဂျွန်

မြန်မာပြန်

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မ ာ တိ က ာ


၁ သင့်ရည်ရွယ်ချက် ထားရှိနိုင်ခြင်းနှင့်ပတ်သက်သော ဇာတ်လမ်းအား စတင်ရေးသားခြင်း ၁

၂ သင့်ဘဝလမ်းကြောင်းအမှန်ကို ရှာတွေ့စေဖို့ ၁၄

၃ ရည်ရွယ်ချက်ရှိရှိ ရှင်သန်ခြင်းအတွက် လိုက်နာကျင့်ကြံခြင်း ၃၁

၄ အသေးအဖွဲ့များမှ စတင်ရန် ဆန္ဒရှိခြင်း ၄၇

၅ ကြိုတင်မျှော်လင့်စောင့်စားသောစိတ်ဖြင့် ရှင်သန်ပေးပါ ၆၅

၆ သင့်အတွက် ထူးခြားသော အခွင့်အရေးကောင်းများအား နေ့စဉ် ဆုပ်ကိုင်ပေးပါ ၇၈


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ၁

## သင့်ရည်ရွယ်ချက် ထားရှိနိုင်ခြင်းနှင့်ပတ်သက်သော ဇာတ်လမ်းအား စတင်ရေးသားခြင်း

ဘဝမှာ သင် ဘာတွေ အလိုရှိပါသလဲ။
ကျွန်တော်တို့ဘဝနဲ့ ပတ်သက်သော ဇာတ်လမ်းတွေကို ရည်ရွယ်ချက်တွေ ထူးခြားစွာ ပါရှိစေပြီး ရေးသားလိုစိတ် ရှိကြပါတယ်။

ကျွန်တော်တို့ ထားရှိပြီးသော ရည်ရွယ်ချက်တွေအတိုင်း အမှန်တကယ်လိုချင်တာတွေရရှိဖို့ ကြိုးစားလိုစိတ် ရှိကြပါတယ်။

ကမ္ဘာလောကအား ပိုမိုကောင်းမွန်စွာ နေထိုင်နိုင်သော နေရာတစ်ခုအဖြစ် ပြုလုပ်လိုကြတာကလည်း ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်တွေထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ကျွန်တော်တို့ဘဝမှာ အရာရာကို အပြည့်အဝဆုံးဖြစ်အောင် အကောင်အထည်ဖော်လိုကြပါတယ်။

သင့်ဘဝမှာ အကောင်းဆုံးသော ဇာတ်လမ်းတွေကို ကိုယ်တိုင်ဖန်တီးရေးသားနိုင်စေဖို့ သင့်မှာ ထက်မြက်သော စွမ်းအင်တွေ ရှိထားဖို့ လိုအပ်ပါလိမ့်မယ်။

သင့်ဘဝဇာတ်လမ်းတွေ အကောင်းဆုံးဖြစ်စေဖို့ ကြိုးစားရာမှာ သင်ဟာ ရည်ရွယ်ချက်ကောင်းတွေ ရှိထားဖို့ အထူးလိုအပ်ပါလိမ့်မယ်။

သင့်မှာ ရှိနေသော ထူးခြားတဲ့ ရည်မှန်းချက်တွေက သင့်ဘဝကို

mgyoe.com

mgyoe.com


အကောင်းဆုံး လမ်းညွှန်ပေးနိုင်မှာဖြစ်ပြီး အရာရာ အမှားအယွင်းမရှိရ အောင်လည်း သင့်ကို တောက်လျှောက် ထိန်းကျောင်းပေးသွားမှာ ဖြစ်ပါတယ်။

သင်က ဘယ်နိုင်ငံသားဖြစ်တယ်၊ ဘယ်လိုအခွင့်အရေးကောင်းတွေ ရရှိနိုင်မယ်၊ ဘယ်လိုကျင့်ဝတ်တွေကို စောင့်ထိန်းမယ်၊ ဘယ်လိုစွမ်းဆောင်ရည်တွေကို အသုံးချမယ်... ဆိုတဲ့ အချက်တွေအပေါ် သင့်ဘက်က ထည့်သွင်းစဉ်းစားပေးစရာမလိုအပ်ဘဲ သင့်ရည်ရွယ်ချက် ပြည့်ဝအောင် ဘယ်လိုလုပ်ဆောင်မယ်ဆိုတာကိုသာ အဓိကထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။

သင် ရည်ရွယ်ချက်ထားရှိတဲ့အတိုင်း လတ်တလောမှာ လက်တွေ့လုပ်ဆောင်နိုင်ခြင်းမရှိသေးရင် ဤစာအုပ်ဖတ်ပြီးတဲ့နောက်ပိုင်း သင့်ရည်ရွယ်ချက်တွေကို အကောင်းဆုံး အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။

အရေးကြီးတဲ့အချက်ကတော့ သင့်ရည်ရွယ်ချက်က သင့်အား ခြိမ်းခြောက်ခြင်းသဘော မသက်ရောက်စေဖို့ သင်က အကောင်းဆုံး နိုင်နင်းစွာ အကောင်အထည်ဖော်ဖို့ လိုပါတယ်။

ကျွန်တော်တို့ ရည်ရွယ်ချက်အကြောင်းကို ပြောဆိုတဲ့အချိန်မှာ ကျွန်တော်တို့ရဲ့ ထင်ပေါ်ကျော်ကြားတဲ့အကြောင်းတွေကို ပြောဆိုနေစရာ မလိုအပ်ပါဘူး။

ထို့အတူ ကျွန်တော်တို့ ရည်ရွယ်ချက်အကြောင်းတွေ ပြောဆိုနေချိန်မှာ ကျွန်တော်တို့ရဲ့ ချမ်းသာကြွယ်ဝတဲ့အကြောင်းတွေ၊ ထင်ပေါ်ကျော်ကြား လူသိများတဲ့အကြောင်းတွေ၊ နိုဘယ်ဆု ချီးမြှင့်ခံရတဲ့အကြောင်းတွေ၊ အမေရိကန်သမ္မတဖြစ်လာဖို့ မျှော်လင့်ချက်ကောင်းတွေ ရှိနေတဲ့ အကြောင်းတွေကို ပြောဆိုစရာ လုံးဝမလိုအပ်ပါဘူး။

သင်က ဘဝကို တိုးတက်ပြောင်းလဲစေဖို့ ရည်ရွယ်ချက်တွေကို

mgyoe.com

mgyoe.com


အကောင်းဆုံး ချမှတ်နိုင်ခဲ့ရင် အခြားလူတွေနဲ့ နှိုင်းယှဉ်တိုင်း ထူးခြားထင်ရှားမှုတွေနဲ့ သိသာစွာ ကွဲပြားအောင် လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။

သင့်ရဲ့ တိုးတက်ပြောင်းလဲမှုတွေက တစ်နေ့တခြား ထူးခြားမှုတွေ ရှိလာပြီဆိုရင် သင် ဘယ်နေရာကိုသွားသွား၊ ဘယ်အလုပ်ကိုပဲလုပ်လုပ် သင့်အတွက် ကောင်းကျိုးတွေသာ ဆက်တိုက် သက်ရောက်နေမှာဖြစ်ပါတယ်။

မကြာသေးမီကာလက ကျွန်တော်ဟာ စာရေးဆရာ 'ဒွန်မီလာ' ရဲ့ 'နှစ်တစ်ထောင်အတွင်း မိုင်ပေါင်းတစ်သန်း' ဆိုတဲ့စာအုပ်ကို ဖတ်ခဲ့ဖူးပါတယ်။

သူက ကျွန်တော်တို့ရဲ့ ဘဝအမျိုးမျိုးကို ပုံပြင်ဇာတ်လမ်းတစ်ခု သဖွယ် ရှုမြင်နိုင်အောင် အရေးအသား၊ အဖွဲ့အနွဲ့တွေ ကောင်းစွာနဲ့ ရေးဖွဲ့ထားခဲ့ပါတယ်။ သူက စာအုပ်ထဲမှာ အခုလို ပြောဆိုထားပါသေးတယ်။

"ရုပ်ရှင်ဇာတ်လမ်းအားလုံးက အဓိပ္ပာယ်မရှိဘူး/ ယုတ္တိမရှိဘူးလို့ စဉ်းစားတွေးခေါ်ထားပြီးဖြစ်လို့ ကျွန်တော်ဟာ အဓိပ္ပာယ်မရှိတဲ့ ရုပ်ရှင်ကို ကြည့်နေရာကနေ မကျေမနပ်ဖြစ်ပြီး ထထွက်လာတာမျိုး ဘယ်တော့မှ မရှိခဲ့ပါဘူး။ ကျွန်တော် သေချာ အလေးအနက်တွေးမိလိုက်တဲ့ အချက်ကတော့ အဓိပ္ပာယ်မရှိတဲ့ရုပ်ရှင်ကို ကြည့်နေရာကနေ ထထွက်လာတာမျိုးကသာ အဓိပ္ပာယ်မရှိဘူး... ဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။ နောက်တော့ ကျွန်တော် ထပ်ပြီး စဉ်းစားလိုက်ပါသေးတယ်။ ကောင်းပြီ... လူတွေက ပြောမယ်... ဘဝဆိုတာ အဓိပ္ပာယ်မရှိပါဘူးလို့။ လူတွေ ဆိုလိုချင်တဲ့ အဓိပ္ပာယ်က သူတို့ရထားတဲ့ဘဝတွေ အဓိပ္ပာယ်မရှိတာကို ဆိုလိုတာလား၊ ဒါမှမဟုတ် အခြားလူတွေရထားတဲ့ ဘဝတွေကပါ အဓိပ္ပာယ်မရှိဘူးလို့ ဝေဖန်ချင်တာလား ဆိုတာ သေချာခွဲခြားသိဖို့လိုမှာပေါ့။

mgyoe.com

mgyoe.com


ကျွန်တော် နားမလည်တဲ့အချက်ကတော့ လူတွေဟာ သူတို့ရှင်သန်နေရတဲ့ ဘဝဖြစ်တည်ခြင်းတစ်လျှောက်လုံးဟာ ဘာမှထူးခြားမှုမရှိဘူးလို့ ယူဆလက်ခံပြီး အခြားလူတွေရဲ့ ဘဝတွေကိုပါ သူတို့ဘဝတွေလိုမျိုး မျှော်လင့်ချက်မဲ့ပြီး စိတ်ဓာတ်ကျ ဝမ်းနည်းစရာတွေ ပြည့်နေမှာပဲလို့ ခန့်မှန်းနေတာ မဖြစ်နိုင်ဘူးလားဆိုတာပါပဲ"

တကယ်တော့ ရုပ်ရှင်ဇာတ်လမ်းအများစုဟာ ဖျော်ဖြေရေးသက်သက်အတွက် ရိုက်ကူးတင်ဆက်ထားခြင်း ဖြစ်တာကြောင့် အဓိပ္ပာယ်မရှိတဲ့ဇာတ်လမ်းအဖြစ် ဝေဖန်နိုင်သော်လည်း ဖြစ်ရပ်မှန် ရုပ်ရှင်ဇာတ်လမ်း (True Story) ကို ရိုက်ကူးရာမှာတော့ အဓိပ္ပာယ်မဲ့ခြင်းလုံးဝမရှိစေဘဲ ဖြစ်ရပ်မှန်အတိုင်းသာ ကြည့်ရှုခွင့်ရပါလိမ့်မယ်။ ကျွန်တော်တို့ ရရှိထားတဲ့ ဘဝတွေဟာ ဖြစ်ရပ်မှန်ဇာတ်လမ်းအသီးသီး ဖြစ်နေတာကြောင့် ဘဝ ရရှိ ရှင်သန်ခွင့်ရနေချိန်အတွင်း အဓိပ္ပာယ်မဲ့အောင် မရှင်သန်ဘဲ ဘဝအဓိပ္ပာယ် အနှစ်သာရပြည့်ဝစွာနဲ့ ရှင်သန်နိုင်အောင် ကိုယ်စီ ရည်မှန်းချက်တွေထားရှိပြီး ဘဝအပြောင်းအလဲတွေ အကောင်းဆုံးလုပ်ပေးဖို့ လိုအပ်ပါတယ်။

သင်က ဘဝကို ရှုမြင်ရာမှာ "ငါ့ဘဝက ဘာမှအဓိပ္ပာယ်မရှိဘူး၊ ငါ့အတွက် ဘဝတိုးတက်အောင် ဘာရည်မှန်းချက်မှ မထားတော့ဘူး။ ငါ့ရဲ့ ရှင်သန်ဖြစ်တည်ခြင်းက ဘာမှလည်း ထူးခြားတာမဟုတ်ဘူး" လို့ မှားယွင်းစွာ ရှုမြင်မိတယ်ဆိုရင်တော့ ထိုအခါမှသာ သင်ဟာ ဘဝဖြစ်တည်ရှင်သန်ခြင်းမှာ အမှန်တကယ် အဓိပ္ပာယ်မဲ့သွားမှာဖြစ်ပါတယ်။

သင်ကိုယ်တိုင် ရေးသားရမယ့် သင့်ဘဝဇာတ်လမ်းကို အဓိပ္ပာယ်ရှိစေဖို့အတွက် သင်ဟာ ဘဝတစ်သက်တာအတွင်း အချိန်အပိုင်းအခြားအလိုက် တိုးတက်ပြောင်းလဲမှုတွေရှိအောင် ရည်မှန်းချက်ထားရှိပြီး ကြိုးစားလိုစိတ်တွေ ရှိနေဖို့ လိုအပ်ပါတယ်။

mgyoe.com

mgyoe.com


သင်က အခြေအနေ အကြောင်းတရားတစ်ခုကြောင့် မကောင်းသောဘဝကို ရရှိခဲ့တဲ့အခါ စိတ်ဓာတ်ကျ ဝမ်းနည်းစရာမလိုအပ်ဘဲ သင့်ဘဝကို သင့်စိတ်ကြိုက် အကောင်းဆုံးပုံစံဖြစ်အောင် ပြောင်းလဲနိုင်အောင်လို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ထားရှိပေးပါ။ ဒါဆိုရင် သင့်ဘဝဇာတ်လမ်း (ဖြစ်ရပ်မှန်) တွေကို အကောင်းဆုံး စတင်ရေးသားနိုင်ပြီ ဖြစ်ပါတယ်။

## သင့်ဘဝကို အပြောင်းအလဲဖြစ်စေသော ရည်မှန်းချက်နှင့်ပတ်သက်သည့်ဇာတ်လမ်းအား စတင်ရေးသားခြင်း

သင့်ဘဝကို အပြောင်းအလဲဖြစ်စေသည့် ရည်မှန်းချက်အကြောင်း စတင်ရေးသားမယ်ဆိုပါက သင့်ဘဝတစ်သက်တာအတွင်း သူတကာထက်ပိုပြီး ထူးခြားသောအရည်အသွေးတွေရှိအောင် ဘယ်လိုလုပ်ရမယ်ဆိုတဲ့အချက်ကို အကျယ်တဝင့် ဖော်ပြပေးဖို့ လိုအပ်ပါတယ်။

သင့်ဘဝကို အပြောင်းအလဲဖြစ်စေတဲ့ ရည်မှန်းချက်တွေထဲမှာ သူတကာထက် ပိုမိုထူးခြားသူဖြစ်စေချင်တယ်ဆိုရင် သင့်ရဲ့ ပင်ကိုအသားကျနေတဲ့ စိတ်ထားကို အကောင်းဆုံးပြောင်းလဲပေးဖို့လိုပါတယ်။

ထို့နောက် သင် တာဝန်ယူဆောင်ရွက်ရမယ့် လုပ်ငန်းတွေအတွက် မညည်းမညူစတမ်း လက်ခံပြီး သင့်ရဲ့ရည်မှန်းချက်တွေ ပြည့်ဝအောင် ကြိုးစားရမှာဖြစ်ပါတယ်။

သင့်ရည်မှန်းချက်နှင့်ပတ်သက်သော ဇာတ်လမ်းအား စတင်ရေးသားနိုင်စေဖို့ အောက်ပါအချက်တွေကို လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com


**၁။ သင် ရေးသားသောဇာတ်လမ်းအတွင်း သင်ကိုယ်တိုင်ပါဝင်အောင် ထည့်သွင်းပေးထားပါ။**

ကျွန်တော်တို့ဘဝအား အပြောင်းအလဲဖြစ်စေဖို့ ရည်မှန်းချက်ထားရှိဆောင်ရွက်နိုင်ခြင်းဟာ ကျွန်တော်တို့ဘဝကို အကောင်းဆုံးတိုးတက်မှုတွေ ဖြစ်စေပါလိမ့်မယ်။

ဘဝတိုးတက်ပြောင်းလဲမှုအတွက် ကြိုးစားရာမှာ လက်တွေ့ကျကျလုပ်ဆောင်နိုင်ခြင်းတွေကို အဓိကဦးစားပေးရမှာဖြစ်ပြီး အကြောင်းပြချက်ပေးတာ၊ ဆင်ခြေဆင်လက်ပေးတာတွေကို လုံးဝရပ်တန့်ပေးဖို့ လိုပါတယ်။

လူအများစုအနေနဲ့ ထိုအချက်ကို သေချာစွာ နားလည်သိရှိခြင်း မရှိတတ်ပါဘူး။

အချို့သောလူတွေက ကျရှုံးခြင်းကနေ အောင်မြင်မှုရရှိအောင် ဆက်တိုက်ကြိုးစားနိုင်စွမ်းရှိကြပြီး အောင်မြင်မှုကို အဟန့်အတားဖြစ်စေသော အကြောင်းပြချက်တွေ၊ ဆင်ခြေဆင်လက်တွေကို ဘယ်တော့မှ လက်ခံတတ်ခြင်းလည်း မရှိတတ်ပါဘူး။ သင်ရေးသားသော ဇာတ်လမ်းထဲမှာ သင်ကိုယ်တိုင်က အဓိကဇာတ်ဆောင်ဖြစ်နေတာကြောင့် ဇာတ်လမ်းကောင်းရရှိအောင် ရေးသားနိုင်ဖို့က သင့်ရဲ့ အရည်အသွေး၊ အရည်အချင်းတွေအပေါ် များစွာမူတည်နေပါလိမ့်မယ်။

လူအများစုအနေနဲ့ ဇာတ်လမ်းရေးသားတာ၊ ကဗျာရေးဖွဲ့တာတွေကို ဝါသနာပါတတ်ကြသော်လည်း ဘာ့ကြောင့် လက်တွေ့ရေးသားခြင်း မရှိတာလဲ ဆိုတဲ့အချက်ကို တွေ့ရှိရပါတယ်။ ဘာကြောင့်လဲ၊ တကယ်တော့ ဇာတ်လမ်းတစ်ခုကို ရေးသားနိုင်ဖို့အတွက် အမှန်တကယ် စတင်ရေးသားခြင်းအလုပ်ကို ကြောက်နေခြင်းကြောင့်ဖြစ်ပါတယ်။

သင့်ဘဝဇာတ်လမ်းကို သင်ကိုယ်တိုင်က စတင်ရေးဖြစ်အောင် ရေးနိုင်မှသာ ဘဝအပြောင်းအလဲနဲ့ တိုးတက်မှုတွေအတွက် သင့်ရည်

mgyoe.com

mgyoe.com


မှန်းချက်က ဘယ်လောက်အရေးပါတယ်ဆိုတာကို ကိုယ်တိုင်သိရှိပြီး ဘဝအောင်မြင်ရေးအစီအစဉ်တွေကို တောက်လျှောက်အကောင်အထည် ဖော်နိုင်တော့မှာဖြစ်ပါတယ်။

၂။ သင် ရေးသားသောဇာတ်လမ်းအတွင်း သင့်ရည်ရွယ်ချက်များကို ထည့်သွင်းပေးပါ။

အရေးအသားကောင်းသော ဇာတ်လမ်းတစ်ခုဟာ လူအများစုက အရေးပါတယ်လို့ ထင်မြင်ယူဆထားတဲ့အချက်တွေကို အကောင်းဆုံး ထိထိမိမိ တင်ပြထားနိုင်စွမ်း ရှိတတ်ပါတယ်။

သင့်ရည်မှန်းချက်တွေကို ရှင်သန်အောင်လုပ်တဲ့အချိန်မှာ သင့်အနီးဝန်းကျင်မှာရှိတဲ့ လူအများကို ရည်ရွယ်ချက် ထားရှိဆောင်ရွက်နိုင်စွမ်းရှိခြင်းက ဘယ်လောက်ထိ ဘဝမှာ အရေးပါတယ်ဆိုတာကို ဇာတ်လမ်းထဲမှာ တစ်ခါတည်း ပြောပြပေးဖို့ လိုပါတယ်။ လူတိုင်းလိုလိုက အဓိပ္ပာယ်ရှိပြီး ရည်မှန်းချက်တွေထားရှိတဲ့ ထူးခြားသောဘဝမျိုးကိုသာ ပိုင်ဆိုင်ရှင်သန်လိုကြတယ်။

သင့်ရည်ရွယ်ချက်တွေ ချမှတ်ထားတဲ့ အစီအစဉ်အတိုင်း တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်လိုတဲ့အခါ သင့်အတွက် အဘက်ဘက်က ပြည့်စုံသောအခြေအနေ၊ အကူအညီ၊ အထောက်အပံ့တွေ အလွယ်တကူရရှိသောအခြေအနေကနေ ရုန်းထွက်ပေးပါ။

သင့်ဘဝကို ရည်ရွယ်ချက်တွေ ထားရှိပြီး ပြောင်းလဲလိုတယ်ဆိုရင် လွယ်ကူသောလမ်းစဉ်တွေကို မလိုက်ဘဲ ခက်ခဲသောအခြေအနေတွေ၊ အကျပ်အတည်းဖြစ်နိုင်သော အခြေအနေတွေကို ရွေးချယ်/ဖန်တီး ပေးပါ။

တစ်နည်းအားဖြင့် သင့်အတွက် အခက်အခဲဖြစ်စေမယ့် အခြေအနေတွေရရှိအောင် အပြောင်းအလဲတွေလုပ်ပေးပါ။

mgyoe.com

mgyoe.com



သို့သော်လည်း ကျွန်တော်တို့အများစုက အခက်အခဲတွေ့စေမယ့် အပြောင်းအလဲတွေလုပ်ဖို့ ကြိုးစားခြင်းကို အတတ်နိုင်ဆုံး ရှောင်ကြဉ်တတ်ကြပါတယ်။

ကျွန်တော်တို့အနေနဲ့ တွေ့ကြုံရင်ဆိုင်ရသော အခြေအနေတိုင်းကို ပြောင်းလဲလို့ မရနိုင်သော်လည်း ကျွန်တော်တို့ ပြောင်းလဲချင်တဲ့အရာတွေကို ကျွန်တော်တို့ကိုယ်တိုင် တွေ့ကြုံရင်ဆိုင်ခွင့်ရရှိမှသာ ပြောင်းလဲလို့ရတာ တွေ့ရပါမယ်။

သင့်ရည်ရွယ်ချက် ချမှတ်ထားတဲ့အတိုင်း အဆင့်ဆင့် အကောင်အထည်ဖော်လိုတယ်ဆိုရင် သင့်ဘက်က ထိရောက်သော အရေးယူဆောင်ရွက်မှုတွေ ပြုလုပ်ပေးရပါမယ်။ ရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်နေစဉ်ကာလအတွင်း သင့်အတွက် ဘေးကင်းလုံခြုံမှုရရှိရေးအတွက် လိုအပ်ပါက စိတ်ရှည်သည်းခံစိတ်ကို မွေးမြူပေးဖို့ လိုအပ်ပါတယ်။

အကယ်၍ သင်က ဘာဆိုဘာမှ အရေးယူဆောင်ရွက်ခြင်းတွေ မလုပ်ခဲ့လျှင် သင်ဖြစ်ချင်တာတွေ တစ်ခုမှ ဖြစ်မလာနိုင်တော့ပါဘူး။ သင်က လုပ်သင့်တာတွေကို အချိန်မီလုပ်ဆောင်နိုင်မှသာ ပြောင်းလဲခြင်းဆိုတာကလည်း စတင်ပေါ်ပေါက်နိုင်မှာဖြစ်ပါတယ်။

သင်က တစ်စုံတစ်ရာ အရေးယူဆောင်ရွက်မှုတွေ မလုပ်ခြင်းကြောင့် ကျရှုံးမှုနဲ့ ရင်ဆိုင်ရမှာမဟုတ်သော်လည်း အောင်မြင်မှုနဲ့တော့ လွန်စွာအလှမ်းကွာဝေးနေမှာဖြစ်ပါတယ်။

ကျွန်တော်တို့ဘက်က ရည်ရွယ်ချက်အစီအစဉ်တွေကို အကောင်အထည်ဖော်ရင်း အကျိုးရလဒ်၊ အောင်မြင်မှုတွေကို စောင့်ဆိုင်းနိုင်တယ်၊ မျှော်လင့်နိုင်တယ်လို့ အကြွင်းမဲ့ယုံကြည်ပေးပါ။

ကျွန်တော်တို့ ဘဝတစ်သက်တာရည်မှန်းချက်တွေကို အကောင်

mgyoe.com

mgyoe.com



အထည်ဖော်ရာမှာ ကျွန်တော်တို့ရဲ့ ဆောင်ရွက်မှုအစီအစဉ်တွေကို တားဆီးဟန့်တားနေတတ်တဲ့ အကြောက်တရားကိုတော့ ကျွန်တော်တို့စိတ်ထဲ မဝင်ရောက်နိုင်အောင် ကြိုတင်ဖယ်ရှားထားဖို့ လိုအပ်ပါတယ်။

သင့်ဘဝရည်မှန်းချက် အကောင်အထည်ဖော်ရေး ခရီးစဉ်အစပိုင်းမှာ သင်လျှောက်နေတဲ့လမ်းက သင့်အတွက် ကောင်းကျိုးပေးနိုင်ပါ့မလား၊ သင့်အတွက် ကျရှုံးမှုရှိရာကို ဦးတည်နေမလား... ဆိုပြီး ကြိုတင်စိုးရိမ်ပူပန်တာမျိုးတွေ လုံးဝမရှိသင့်ပါဘူး။

သင်က စိုးရိမ်ပူပန်မှုတွေ၊ အကြောက်တရားလွှမ်းမိုးမှုတွေ ရှိနေမယ်ဆိုရင် သင့်ရည်မှန်းချက်တွေ ဘယ်လောက်ပဲကောင်းကောင်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်တော့မှာ မဟုတ်ပါဘူး။

ကျွန်တော်ဘက်က သင့်အတွက် အမှန်တကယ်သိထားသင့်တဲ့ အချက်အချို့ကို ပြောပြပေးလိုပါတယ်။ အဲဒါကတော့ သင်ဟာ ဘယ်အလုပ်ကိုပဲလုပ်လုပ် ပထမစစချင်းမှာ ထင်ထားသလောက် အဆင်ပြေချောမွေ့မှု မရှိနိုင်ဘူးဆိုတာပဲ ဖြစ်ပါတယ်။

သင်က ဘဝတိုးတက်ရေးနဲ့ ရည်မှန်းချက် အကောင်အထည်ဖော်ရေး ခရီးစဉ်ရဲ့အစပိုင်းမှာ သင် ဘာတွေလုပ်မိတယ်၊ သင် ဘာတွေလုပ်နေတယ်ဆိုတာကို သင်ကိုယ်တိုင် သတိမူမိမှာမဟုတ်ပါဘူး။ သတိပြုမှတ်သားရမယ့်အချက်ကတော့ ဘယ်သူမဆို ဘာကိုပဲလုပ်လုပ် ပထမအစပိုင်းမှာ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်နိုင်ခြင်းမရှိတတ်သလို တစ်စုံတစ်ရာသော အသစ်အဆန်းတစ်ခုကို လုပ်တဲ့အခါမှာလည်း ပထမတစ်ကြိမ်တည်းဖြင့် အဆင်ပြေချောမွေ့နိုင်ခြင်းမရှိတတ်တဲ့ သဘာဝကို လက်ခံထားဖို့လိုပါတယ်။

သင် ချမှတ်ထားသော ရည်ရွယ်ချက်အတိုင်း လိုက်နာဆောင်ရွက်နိုင်စေဖို့ သင့်အတွက် အထောက်အကူဖြစ်စေသည့်၊ သို့မဟုတ် သင့်

mgyoe.com

mgyoe.com



ရှုန်းကန်လှုပ်ရှားမှုတွေ သက်သာအဆင်ပြေစေသည့် အခြေအနေတွေ ကနေ ရှုန်းထွက်ပေးပါ။

သင်က အခက်အခဲဖြစ်နိုင်သော အခြေအနေမှန်သမျှကို ပြောင်းလဲ ပြုပြင်ပေးပါ။

**၃။ စမ်းသပ်ခြင်းတွေကို ရပ်တန့်ပြီး လက်တွေ့လုပ်ကိုင်ခြင်းတွေနဲ့ စတင်ပေးပါ။**

"ကျွန်တော်/ကျွန်မ အကောင်းဆုံး လုပ်ကိုင် ကြိုးစားပါ့မယ်"

ဖော်ပြပါစကားရဲ့ အဓိပ္ပာယ်ကတော့ "ကျွန်တော်/ကျွန်မက ကောင်းမွန်သော စိတ်နေစိတ်ထားနဲ့ အလုပ်လုပ်ပါမယ်။ ကျွန်တော်/ ကျွန်မတို့ရဲ့ အလုပ်တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်ပါ့မယ်။ သို့သော်လည်း အကျိုးရလဒ် ကောင်းခြင်း/ဆိုးခြင်းနဲ့ပတ်သက်ပြီးတော့ တစ်စုံတစ်ရာ တာဝန်ယူ၊ တာဝန်ခံခြင်းတော့ မလုပ်နိုင်ဘူး" ဖြစ်ပါတယ်။

သင်က အကောင်းဆုံးဖြစ်အောင် ကြိုးစားမယ်ဆိုတာဟာ သေချာ ရေရာမှုမရှိသေးတဲ့ စမ်းသပ်ခြင်းသက်သက်သဘောကို ဖော်ပြနေခြင်း ဖြစ်ပါတယ်။

ထိုအခြေအနေအရ သင်ဟာ ဘဝတစ်သက်တာ တိုးတက်အောင် မြင်ဖို့အတွက် ရည်မှန်းချက်တွေကို စမ်းသပ်ခြင်းလုပ်ပေးမှာလား၊ သို့မဟုတ် ဘဝရည်မှန်းချက်တွေ ပြည့်ဝအောင် အတတ်နိုင်ဆုံး/ အကောင်းဆုံး ကြိုးစားမယ်။ သို့သော်လည်း အောင်မြင်တာ၊ ကျရှုံးတာ ကိုတော့ မတတ်နိုင်ဘူးလို့ ဆိုလိုချင်တာလား... ဆိုတာကို ကိုယ့်ကိုယ် ကိုယ်သိအောင် ဆန်းစစ်ပေးပါ။

စမ်းသပ်ခြင်းသဘောသက်သက်ဟာ သေချာရေရာမှုမရှိခြင်း သဘောကို ရည်ညွှန်းတာကြောင့် စမ်းသပ်ခြင်းတွေကို ရပ်တန့်ပြီး လက် တွေ့လုပ်ကိုင်ခြင်းတွေကို စတင်ပေးလိုက်ပါ။

mgyoe.com

mgyoe.com



ဘဝတိုးတက်မှုအတွက် ရည်မှန်းချက်ချမှတ်ပြီး ဆောင်ရွက်ရာမှာ စမ်းသပ်လုပ်ကိုင်လိုတဲ့ စိတ်ထားရှိရုံလောက်နဲ့ ပြည့်စုံလုံလောက်မှု မရှိနိုင်ပါဘူး။

သင့်အနေနဲ့ ဘယ်အရာကို လိုချင်၊ ဖြစ်ချင်၊ ရချင်တယ်ဆိုရင်တော့ လက်တွေ့လုပ်ကိုင်လိုတဲ့ စိတ်နေစိတ်ထားကိုသာ ထားရှိပေးပါ။

ကျွန်တော်တို့က ကိုယ့်ကိုယ်ကိုယ် အခုလို ပြောလေ့ရှိပါတယ်။ "ကျွန်တော်/ ကျွန်မ ဒါကိုလုပ်ပါမယ်" ဒီစကားဟာ အမှန်တကယ် လုပ်ကို လုပ်ဖြစ်မယ်ဆိုတဲ့သဘောကို အထင်အရှား ဖော်ပြနေခြင်းဖြစ်ပါတယ်။

အရာရာ လက်တွေ့လုပ်ကိုင်လိုတဲ့ စိတ်နေစိတ်ထားရှိခြင်းဟာ မိမိ အမှန်တကယ် လိုချင်၊ ရချင်တာကို လက်တွေ့ကျကျ ရယူပိုင်ဆိုင်နိုင်ဖို့ ထိုက်ထိုက်တန်တန် ကြိုးစားနိုင်စွမ်းရှိသူတွေ ဖြစ်ပါတယ်။

စမ်းသပ်လုပ်ကိုင်ဆောင်ရွက်ခြင်းဟာ ကောင်းသောရည်ရွယ်ချက်တွေ ပြည့်နှက်နေတတ်သော်လည်း လက်တွေ့ လုပ်ကိုင်ဆောင်ရွက်ခြင်းတွေကတော့ ရည်ရွယ်ချက်တွေနဲ့အတူ ရှင်သန်နေခြင်းသဘော ဆောင်ပါတယ်။

လူအတော်များများရဲ့ ဇာတ်လမ်းတွေကို လေ့လာတဲ့အခါ အောင်မြင်ခြင်းနှင့် ကျရှုံးခြင်းတွေ အလှည့်ကျ ဖြစ်ပေါ်တဲ့သဘောကို ဖော်ပြပါရှိလေ့ ရှိတတ်ပါတယ်။ နောက်ပြီး အံ့သြစရာကိစ္စတွေနဲ့ မသေချာ မရေရာတဲ့ကိစ္စတွေ၊ ဘဝအခြေအနေ အဆင့်အတန်း အနိမ့်အမြင့်တွေ အကြောင်း အများဆုံးရေးသားဖော်ပြတတ်ကြပါတယ်။ ကျွန်တော့်ဘဝ တစ်လျှောက်လုံးမှာ လူတွေနဲ့ပတ်သက်ပြီး လေ့လာမှုတွေအများကြီး ပြုလုပ်ခဲ့ပါတယ်။

ကျွန်တော်က လူတွေရဲ့ ဘဝအတွေ့အကြုံတွေ၊ လောကခံအနိမ့်

mgyoe.com

mgyoe.com



အမြင့်၊ အကောင်းအဆိုးတွေကို မေးမြန်းကြည့်ရာမှာ လူ ၁၀ ယောက်မှာ ရှစ်ယောက်နှုန်းလောက်က သူတို့ အောင်မြင်အောင် မစွမ်းဆောင်နိုင်ခဲ့တဲ့ကိစ္စတွေအတွက် နောင်တတွေ ရရှိတတ်ကြပြီး ပြန်လည်သတိရပြောဆိုတိုင်းမှာလည်း ဝမ်းနည်းတတ်ကြတာ တွေ့ရပါတယ်။ တကယ်တော့ လူတွေဟာ သူတို့လိုချင်၊ ရချင်တာတွေအတွက် လက်တွေ့လုပ်ကိုင် ကြိုးစားမှုတွေ ပျက်ကွက်ခဲ့လို့ ကျရှုံးရခြင်းထက် သူတို့လိုချင်တာကို မရတဲ့အခြေအနေတွေအပေါ်သာ အာရုံစိုက်ပြီး ဝမ်းနည်းစိတ်ပျက်နေကြတာ တွေ့ရပါတယ်။

တစ်နည်းအားဖြင့် လူတွေဟာ သူတို့လက်တွေ့ကြိုးစား ဆောင်ရွက်ခဲ့တဲ့ အခြေအနေတွေအပေါ် အာရုံစိုက် နှလုံးသွင်းခြင်းထက် သူတို့လိုချင်တာမရတဲ့ အခြေအနေ၊ သူတို့ထင်ထားတဲ့အတိုင်း ဖြစ်မလာတဲ့အခြေအနေတွေအပေါ်မှာသာ အာရုံစိုက်တတ်တယ်လို့ ဆိုနိုင်ပါတယ်။

အကယ်၍ သင်က သင့်ဘဝတိုးတက်အောင်မြင်ရေးအတွက် ရည်ရွယ်ချက်တွေ ချမှတ်ဆောင်ရွက်နိုင်ပြီဆိုရင် သင်ရေးတဲ့ ဘဝဇာတ်ကြောင်းတွေဟာ လေးနက်ပြည့်စုံမှုတွေ ရှိလာမှာဖြစ်ပါတယ်။

ဒါ့ကြောင့် သင်ဟာ ဘဝတစ်သက်တာအတွင်း သေချာရေရာမှုမရှိသော စမ်းသပ်ခြင်းသဘော ရည်ညွှန်းသည့် "ကျွန်တော်/ကျွန်မအတတ်နိုင်ဆုံး၊ အကောင်းဆုံးဖြစ်အောင် လုပ်ပါ့မယ်" ဆိုသောအခြေအနေထက် "ကျွန်တော်/ကျွန်မ ဒါကို မဖြစ်ဖြစ်တဲ့နည်းနဲ့ အောင်မြင်အောင် လုပ်ရမယ်" ဆိုတဲ့ လက်တွေ့ကျကျ စတင်လုပ်ကိုင်ခြင်းတွေကို နှလုံးသွင်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။

## သင်၏ အကောင်းဆုံးသော ဘဝဇာတ်လမ်း

သင့်ဘဝတစ်သက်တာ ဇာတ်လမ်းနဲ့ပတ်သက်ပြီး သင်က

mgyoe.com

mgyoe.com


စဉ်းစားတွေးခေါ်တဲ့အခါ သင် ဖတ်လို့ အကောင်းဆုံးဖြစ်မယ့်ဇာတ်လမ်းကို သင်ကိုယ်တိုင် အသေအချာရေးသားထားပြီးဖို့ လိုပါတယ်။

တကယ်တော့ ကျွန်တော်တို့ဘဝမှာ ကြီးမားသောလုပ်ငန်းတာဝန်ကြီးနှစ်ရပ်ကို မဖြစ်မနေ ဆောင်ရွက်ရလေ့ရှိပါတယ်။

အဲဒီတာဝန်ကြီးနှစ်ရပ်ကတော့ ကျွန်တော်တို့ 'ကိုယ့်ကိုယ်ကိုယ်ရှာတွေ့အောင် ကြိုးစားခြင်း' နှင့် 'ကိုယ့်ကိုယ်ကိုယ် ပျောက်ဆုံးအောင်ကြိုးစားခြင်း' တို့ပဲဖြစ်ပါတယ်။

ဘဝမှာ ကျွန်တော်တို့က လေ့လာရှာဖွေခြင်းတွေပြုလုပ်ပြီး ဘယ်အရာတွေက 'ဘာကြောင့်' ဒီလိုဖြစ်ရတယ်ဆိုတဲ့အချက်ကို ရှာဖွေရင်း ကျွန်တော်တို့ကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ် ရှာတွေ့နိုင်ခဲ့ပါတယ်။

ကျွန်တော်တို့က ဘဝတိုးတက်အောင်မြင်ရေးလမ်းကြောင်းပေါ် ခရီးသွားနေရင်းကနေ ကျွန်တော်တို့ ရည်မှန်းထားတဲ့ ပန်းတိုင်ကို မရောက်သေးခင် အခြားလူတွေကို ဦးစားပေးပြီး ကျော်တက်စေခဲ့ပါက ဘဝမှာ ကိုယ့်ကိုယ်ကိုယ် ပျောက်ဆုံးသွားသလိုမျိုး ခံစားရတတ်ပါတယ်။

ကျွန်တော်တို့ သေဆုံးသွားတဲ့အခါ ကျွန်တော်တို့မှာရှိပြီး ပိုင်ဆိုင်ပြီးဖြစ်တဲ့အရာတွေကို ကျွန်တော်တို့နှင့်အတူ ယူဆောင်သွားနိုင်ခြင်း မရှိသော်လည်း ကျွန်တော်တို့က ဘယ်သူတွေအပေါ် ဘာတွေလုပ်ပေးနိုင်ခဲ့တယ်၊ ဘာတွေ ပေးကမ်းစွန့်ကြဲခဲ့တယ်၊ ဘယ်လိုအကျိုးရှိတဲ့ အလုပ်တွေ လုပ်ပေးခဲ့တယ် ဆိုတဲ့ ဆောင်ရွက်မှုကတော့ အဖတ်တင် ကျန်ရစ်ခဲ့ပါလိမ့်မယ်။

သင့်ရည်ရွယ်ချက်တွေက သင့်ဘဝကို အကောင်းဆုံးဖြစ်အောင် ပြောင်းလဲပေးနိုင်ဖို့ အရန်သင့်ဖြစ်နေပြီဆိုရင် သင့်ဘဝဇာတ်လမ်းကိုလည်း အကောင်းဆုံးရေးသားနိုင်ပြီဖြစ်ပါတယ်။

❑

mgyoe.com

mgyoe.com

## ၂

## သင့်ဘဝလမ်းကြောင်းအမှန်ကို ရှာတွေ့စေဖို့

သင့်ဘဝကို အခြားလူတွေထက် ပိုမိုထူးခြားစေပြီး ရည်ရွယ်ချက်တွေနဲ့အတူ ရှင်သန်ခွင့်ရရှိစေဖို့ ဆန္ဒရှိတယ်ဆိုရင် သင့်ဘဝအတွက် 'ဘာကြောင့်' Why ဆိုသောအခြေအနေအကြောင်းအရာတွေကို သင်ကိုယ်တိုင် ရှာဖွေတွေ့ရှိဖို့လိုပါတယ်။

သင့်ဘဝမှာ 'ဘာကြောင့်' ဆိုသော အခြေအနေအကြောင်းတရားနဲ့ မေးခွန်းတွေက သင့်စွမ်းဆောင်ရည်အတွက် အသက်သွေးကြောသဖွယ် အရေးပါနေသလို သင့်ဘဝရည်မှန်းချက်တွေ တိုးတက်အောင်မြင်ဖို့အတွက်လည်း များစွာအထောက်အကူပြုနေမှာ ဖြစ်ပါတယ်။

သင့်ဘဝရဲ့ အကြောင်းအကျိုးအခြေအနေတွေကို ကိုယ်စားပြုမေးမြန်းတဲ့ 'Why' ကို သင် သိနားလည်ပြီဆိုရင်... သင့်ဘဝခရီးစဉ်တစ်လျှောက် ကြုံတွေ့ရသော အရာရာတိုင်းကို နားလည်ခံစားမှုတွေနဲ့ သိရှိနိုင်ပါလိမ့်မယ်။

သင်က 'Why' (ဘာကြောင့်...) ဆိုတဲ့ အကြောင်းအကျိုးပြမေးခွန်းတွေနဲ့ ဘဝခရီးလမ်းကို လျှောက်လှမ်းတဲ့အခါ သင့်အတွက်ထိုက်တန်တဲ့လမ်းကြောင်းမှန်ဆီ ရောက်ရှိသွားမှာ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com


သင့်ဘဝမှာ 'Why' ကြောင့် သင့်ရဲ့ ရည်ရွယ်ချက်တွေကို မှန်ကန်စေမှာဖြစ်ပြီး 'Why' ကြောင့် သင့်ဘဝခရီးဟာလည်း အလိုအလျောက် ရည်ရွယ်ချက်တွေ ရရှိလာမှာဖြစ်ပါတယ်။

အပြန်အလှန် မေး၊ ဖြေခြင်းတွေ ပြုလုပ်ရာမှာ 'Why' ဆိုသော အကြောင်းအကျိုး ကိုယ်စားပြုမေးခွန်းစကားလုံးကို အရင်ဆုံး ပြောဆိုသုံးနှုန်းရတာလဲ။ Why ကြောင့် အကြောင်းအကျိုးညီညွတ်သောအဖြေတွေကို ရရှိခြင်းကြောင့် ဖြစ်ပါတယ်။

"ဘာကြောင့် လူတွေက အပျော်ခရီးထွက်ရတာကို အရမ်းပျော်ကြရတာလဲ"

အကြောင်းကတော့ အားလပ်ရက်မှာသာ အပန်းဖြေနိုင်ခွင့်ရရှိတာကြောင့် သူတို့ အလည်အပတ်သွားချင်တဲ့နေရာတွေ သွားခွင့်ရတော့မှာကို ကြိုတင်တွေးပြီး ပျော်နေကြတာ ဖြစ်ပါတယ်။ အပန်းဖြေခရီးထွက်ရာမှာ ပူပြင်းသောနွေရာသီ၌ ပင်လယ်ကမ်းခြေသို့ အပန်းဖြေခရီးထွက်ခြင်း၊ ရေခဲပြင်စကိတ်စီးခြင်း... စတဲ့ ပျော်ရွှင်ဖွယ်ကောင်းတဲ့ လှုပ်ရှားမှုတွေကို အများဆုံး ပြုလုပ်တတ်ကြပါတယ်။

သင်က ခရီးထွက်ဖို့ အသင့်ဖြစ်နေပြီဆိုရင် ခရီးစဉ်နှင့်ပတ်သက်သော ရည်မှန်းချက်တွေကို အလေးအနက်ထားပြီး အာရုံစိုက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် သင့်ခရီးစဉ်နှင့်ပတ်သက်ပြီး သင့်ရည်ရွယ်ချက်တွေကို နားလည်ထားမှသာ သင့်ခရီးကို အောင်မြင်စွာ လျှောက်လှမ်းသွားနိုင်မှာဖြစ်ပါတယ်။

ကျွန်တော်ဟာ ၁၉၆၉ ခုနှစ်မှာ ကောလိပ်ကျောင်းမှ ဘွဲ့ယူပြီး အင်ဒီယားနားပြည်နယ် 'ဟေးလ်ဟမ်း' မှာရှိတဲ့ ခရစ်ယာန်ဘုရားရှိခိုးကျောင်းမှာ ဘုန်းတော်ကြီးတာဝန် ထမ်းဆောင်ဖြစ်ခဲ့ပါတယ်။

ကျွန်တော်က လူအများကို ကယ်တင်တဲ့ ခရစ်ယာန်ဘုန်းတော်

mgyoe.com

mgyoe.com


ကြီးတစ်ပါးအဖြစ် လူအများရဲ့ရှေ့ဆောင် နမူနာဖြစ်အောင် ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။

ကျွန်တော်က လူအများနဲ့ပတ်သက်ပြီး ဂရုတစိုက်ရှိခဲ့တယ်။ ကျွန်တော့်ဘဝရဲ့ ရည်ရွယ်ချက်အဖြစ် တစ်စုံတစ်ရာဖြစ်အောင် ဖန်တီးတည်ဆောက်လိုခဲ့တယ်။ အတိအကျပြောရရင် ကျွန်တော်ဟာ လူအများရဲ့ ရှေ့ဆောင်၊ ခေါင်းဆောင်တစ်ဦး ဖြစ်လိုခဲ့တယ်။

ဒါကြောင့်လည်း ကျွန်တော့်ကိုယ်ကျွန်တော် ဝေဖန်ဆန်းစစ်မှုတွေ ပြုလုပ်ခဲ့တယ်။ မေးခွန်းတွေ ထုတ်ခဲ့တယ်။

"ငါ့ဘဝမှာ အမှားတစ်စုံတစ်ရာလုပ်ခဲ့တာများ ရှိသလား"

"ငါက ဘဝမှာ အပြောင်းအလဲတွေ လုပ်ပေးသင့်ပါသလား"

"ဖုန်းခေါ်တာတွေ လွတ်သွားတာမျိုးရှိပါသလား"

ကျွန်တော်က စာရေးဆရာ 'ဂျေအော့စ်ဝေါဆန်ဒါ' ရေးသားတဲ့ 'စိတ်ဝိညာဉ်ရေးရာဖြင့် ဦးဆောင်ခြင်း' ဆိုတဲ့စာအုပ်ကို ဖတ်ဖြစ်ခဲ့ပါတယ်။

'ဆန်ဒါ' က အထုံပါရမီရှိသော ခေါင်းဆောင်တွေဟာ လောကမှာ လိုက်နာရမယ့် စည်းကမ်းတွေနဲ့ ကျင့်ကြံအားထုတ်မှုတွေကို ဘယ်လိုအကောင်းဆုံး အသုံးချတယ်ဆိုတာကို ဖော်ပြရေးသားထားပါတယ်။

'ဆန်ဒါ' က ထင်ပေါ်ကျော်ကြားတဲ့ ပုဂ္ဂိုလ်တွေဖြစ်တဲ့ 'ဒေးဗစ်လစ်ဗင်းစတုန်း' နဲ့ 'ချားစ်စပါဂျီယွန်' တို့ရဲ့ ထူးခြားပြောင်မြောက်သော ဆောင်ရွက်မှုတွေကိုလည်း ဖော်ပြရေးသားခဲ့ပါတယ်။

ဆန်ဒါက ရည်ရွယ်ချက်ထားရှိနိုင်ခြင်းဖြင့် ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့ စွမ်းရည်တွေကို ဘယ်လိုထုတ်ဖော်အသုံးချနိုင်တယ်ဆိုတဲ့ အချက်နဲ့ ကျွန်တော်တို့ ထားရှိသော ရည်ရွယ်ချက်တွေက ဘဝကို ဘယ်လိုအပြောင်းအလဲဖြစ်စေတယ်ဆိုတဲ့အချက်တွေကိုပါ သိသာ

mgyoe.com

mgyoe.com


ထင်ရှားစွာ ထုတ်ဖော်ရေးသားခဲ့ပါတယ်။

## သင့်ဘဝအကြောင်းအကျိုးအခြေအနေတွေကို ကိုယ်စားပြုဖော်ပြ မေးမြန်းတဲ့ Why က သင့်ဘဝခရီးလမ်းကြောင်းအမှန်ကို ရှာတွေ့အောင် ဘယ်လိုအကူအညီပေးပါသလဲ

သင့်ဘဝမှာ ရည်ရွယ်ချက်တွေကို သေချာစွာ ချမှတ်ဆောင်ရွက်နိုင်ရင် ဘဝအတွက် အရေးပါ အရာရောက်သူတစ်ယောက်ဖြစ်သည်အထိ တိုးတက်အောင်မြင်မှုတွေ ဆင့်ကဲရရှိလာမှာဖြစ်ပါတယ်။

သင့်ဘဝတိုးတက်ရေးအစီအစဉ်တွေကို အကောင်အထည်ဖော်ရာမှာ ဘယ်အလုပ်ကို ဘာအကြောင်းကြောင့် (ဘာကြောင့်) လုပ်ရတယ်ဆိုတဲ့ အကြောင်းအကျိုးညီညွတ်မှုတွေနဲ့အညီ လုပ်ဆောင်နိုင်တယ်ဆိုရင် သင်က ဘယ်လောကနယ်ပယ်မှာပဲ ကျင်လည်ကျက်စားသည်ဖြစ်စေ တိုးတက်အောင်မြင်မှုတွေ ဆင့်ကဲရရှိမှာဖြစ်ပါတယ်။

Why ဟာ သင့်ဘဝတစ်သက်တာအတွင်း သင် ဘာလုပ်မယ်၊ ဘာကြောင့်လုပ်တယ်ဆိုတဲ့ အခြေအနေမှန်ကို သင်ကိုယ်တိုင်သိစေဖို့ များစွာအကူအညီပေးမှာ ဖြစ်ပါတယ်။ သင့်ဘဝတိုးတက်မှုတွေအတွက် လုပ်ဆောင်တော့မယ်ဆိုရင် ပထမဦးစွာ အခြေခံကျပြီး သေးငယ်သောအဆင့်တွေကနေ စတင်လုပ်ဆောင်နိုင်ဖို့လိုပါတယ်။

**အဆင့် ၁ - "သင် ဘာကြောင့်လုပ်တယ်" ကိုယ်စားပြု 'Why' က သင့်ကိုယ်သင်ထက် အခြားလူတွေအပေါ် ပိုပြီးအလေးအနက်ထား အာရုံစိုက်ဖို့ ခွင့်ပြုတယ်ဆိုတာကို သိရှိခြင်း**

ကျွန်တော်တို့ရဲ့ ရည်မှန်းချက်တွေဟာ ကျွန်တော်တို့ရဲ့ အတွင်းစိတ်ကနေ ပေါ်ပေါက်လာပြီး အတွင်းစိတ်မှာရှိသော ရည်မှန်းချက်တိုင်း

mgyoe.com

mgyoe.com


ဟာ အပြင်မှာ လက်တွေ့အကောင်အထည်ဖော်ကြရပါတယ်။

"သင် ဘာကြောင့်လုပ်တယ်" ဆိုသော အဓိပ္ပာယ်ကိုယ်စားပြု 'Why' ကို သင်ကိုယ်တိုင် မသိတဲ့အခါ ဘာတွေဖြစ်လာမလဲ။

သင့်စိတ်အတွင်း ဘာတွေဖြစ်တယ်ဆိုတာကို သင်ကိုယ်တိုင် လေ့လာရှာဖွေဖို့အတွက် အချိန်များစွာပေးရမှာဖြစ်ပြီး သင်နဲ့ အံဝင်ခွင်ကျ ဖြစ်တဲ့အလုပ်၊ မဖြစ်တဲ့အလုပ်တွေကိုလည်း ခွဲခြားနိုင်အောင် စမ်းသပ် စစ်ဆေးမှုတွေ လုပ်ရမှာဖြစ်ပါတယ်။

သင့်အတွက် အံဝင်ခွင်ကျအဖြစ်ဆုံးသော အလုပ်ကို လုပ်ခွင့်ရရှိဖို့အတွက် ဘယ်လိုအရေးပါသောကိစ္စတွေကို ဆောင်ရွက်ပြီး ကြိုးစား အားထုတ်ရမယ်ဆိုတာကို သိဖို့ အရေးကြီးပါတယ်။

သင်က ဘယ်အလုပ်ကို ဘာကြောင့်လုပ်ရတယ်ဆိုတဲ့ အခြေ အနေထက် တခြားလူတွေက ဘယ်အလုပ်ကို ဘာကြောင့်လုပ်ရတယ် ဆိုသောအခြေအနေက ပိုပြီးအာရုံစိုက်စရာဖြစ်တတ်တာကြောင့် သူများ အရေးထက် မိမိအရေးကို ဦးစွာငြိမ်းအောင် ကြိုးစားဖို့လည်း လိုပါတယ်။

သင့်ရဲ့ 'Why' အကြောင်းကို ပိုပြီးသိလာလေ သင့်ကိုယ်သင်ထက် အခြားလူတွေအပေါ် အာရုံစိုက်တတ်တဲ့ အလေ့အကျင့်ကို ဖျောက်ပစ် နိုင်လာလေဖြစ်ပါတယ်။

သင်က အခြားလူတွေကောင်းမွန်ဖို့အတွက် သူတို့နဲ့ဆိုင်သော 'Why' ကို စိတ်ဝင်စားခြင်းထက် သင့်အတွက် ကောင်းကျိုးရှိစေမယ့် 'Why' အတွက်သာ ပိုပြီး အာရုံစိုက်ရမှာဖြစ်ပါတယ်။

ကျွန်တော်တို့က ကိုယ့်ကိုယ်ကိုယ် ပျောက်ဆုံးသွားတာမျိုး/ ကိုယ့် ကိုယ်ကိုယ် မမြင်နိုင်တာမျိုးမဖြစ်ခင် ကျွန်တော်တို့ ကိုယ့်ကိုယ်ကိုယ် မြင်အောင် ဦးစွာကြည့်နိုင်ရမှာဖြစ်ပါတယ်။

သင့်ရဲ့ ပင်ကိုအရည်အသွေးအတွေ၊ အထုံပါရမီတွေ၊ အခြေခံ

mgyoe.com

mgyoe.com


ကျွမ်းကျင်မှုတွေနဲ့ပတ်သက်ပြီး သင့်ကိုယ်သင် အမြဲနားလည်အောင် ကြိုးစားမယ်ဆိုရင် အခြားလူတွေနဲ့ပတ်သက်ပြီး စိတ်ဝင်စားမှုအခြေအနေတွေ လျော့ကျသွားမှာဖြစ်ပါတယ်။

အကယ်၍ သင်နဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ Why ကို နေသားတကျဖြစ်အောင် ထားရှိနိုင်ပြီဆိုရင် အခြားလူတွေနဲ့ပတ်သက်သော Why ကိုလည်း သင်က သေချာလေးနက်စွာ စဉ်းစားပေးနိုင်မှာဖြစ်ပါတယ်။

အဆင့် ၂ - သင်နှင့်သက်ဆိုင်သော Why က အခြားလူတွေကို ဆွဲဆောင်နိုင်တဲ့ သင့်ကိုယ်သင် ယုံကြည်မှုကို ပေးစွမ်းနိုင်ပါတယ်။

ကျွန်တော်နှင့်သက်ဆိုင်သော 'Why' က ကျွန်တော့်အား ဘေးကင်းလုံခြုံမှုနှင့် သက်သောင့်သက်သာဖြစ်စေခြင်းတွေ ပေးစွမ်းခြင်းကြောင့် ကျွန်တော် ကြိုးစားအားထုတ်တဲ့ အလုပ်မှန်သမျှမှာ အောင်မြင်မှုတွေ ရရှိတယ်ဆိုတာကို သိရှိခဲ့ပါတယ်။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနဲ့ ကိုယ့်ကိုယ်ကိုယ် အာမခံနိုင်စွမ်းရှိခြင်းဟာ မိမိအတွက်သာမက အခြားလူတွေအတွက်ပါ ကျေနပ်နှစ်သက်မှုတွေ အမျိုးမျိုးကို ပေးစွမ်းနိုင်မှာဖြစ်ပါတယ်။

သင်က ဘယ်အလုပ်ကို ဘာကြောင့်လုပ်တယ်ဆိုတဲ့ အကြောင်းအကျိုး ဆီလျော်မှုက သင့်ကိုယ်သင် ယုံကြည်မှုကို ပေးစွမ်းနိုင်ပြီး သင့်ရဲ့ ရည်ရွယ်ချက်တွေကိုလည်း ပြည့်ဝအောင် အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။

တကယ်တော့ သင့်ရဲ့ရည်မှန်းချက်ဟာ သင်စီးတဲ့ သင်္ဘောတစ်စင်းရဲ့ တက်မနဲ့ ဆင်တူလှပါတယ်။ သင့်သင်္ဘောရဲ့တက်မက သင် ရေကြောင်းခရီး သွားနေရာမှ သင် ဦးတည်သွားလိုတဲ့အရပ်၊ လေတိုက်နှုန်းနဲ့ လှိုင်းပုတ်ခတ်မှုတွေကို လိုအပ်သလို ထိန်းကျောင်းပေးနိုင်

mgyoe.com

mgyoe.com


သလို သင့်ရည်မှန်းချက်ကလည်း သင် ဘယ်အလုပ်ကို အောင်မြင်အောင်လုပ်ဖို့ ရွေးချယ်မှုတစ်ခုချင်းအလိုက် 'ဘာကြောင့်' (Why) ဆိုသော အကြောင်းအကျိုးပြ မေးခွန်းထုတ်ခြင်းတွေနဲ့အတူ သင့်အား လမ်းမှန်ရောက်အောင် ပို့ဆောင်ပေးမှာဖြစ်ပါတယ်။

သင် စီးနင်းသော သင်္ဘောရဲ့ တက်မဟာ လေမုန်တိုင်းတွေနဲ့ ကြုံရချိန် သင့်အား တိမ်းမှောက်နစ်မြုပ်ခြင်းမရှိရအောင် အတတ်နိုင်ဆုံး ထိန်းညှိပေးသလို သင့်ရည်မှန်းချက်ကလည်း သင့်ခရီးမဆုံးသေးခင် သင့်စိတ်တည်ငြိမ်စွာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိစွာနဲ့ ရပ်တည်လှုပ်ရှားနိုင်အောင် များစွာ အထောက်အကူပြုပေးပါလိမ့်မယ်။

**အဆင့် ၃ - သင်က 'Why' နဲ့ ရှင်သန်ရပ်တည်နိုင်စွမ်း ပိုရှိလေ သင့်ရည်မှန်းချက်တွေနဲ့ ဘဝအောင်မြင်မှုရရှိအောင် အပြောင်းအလဲတွေ လုပ်နိုင်လေ။**

လူတွေရဲ့ စွမ်းရည်၊ ခွန်အားနဲ့ သူတို့တစ်ဦးချင်းစီရဲ့ ရည်ရွယ်ချက်တွေဟာ အမြဲတစေ ဆက်နွယ်လျက်ရှိနေကြပါတယ်။

ဘုရားသခင်က လူသားတွေကို ကိုယ်ပိုင်စွမ်းဆောင်ရည်တွေနဲ့ အောင်မြင်အောင် ကိုယ်ပိုင်အရည်အသွေးတွေ အပြည့်အဝပေးထားပြီး တစ်ဦးချင်းစီအတွက် အဆုံးစွန်အောင်မြင်မှုတွေကို ရရှိစေတယ်ဆိုတာကို ကျွန်တော် အပြည့်အဝယုံကြည်ထားပါတယ်။

သို့သော်လည်း လူအတော်များများအနေနဲ့ အထုံပါရမီတွေနဲ့ ရည်မှန်းချက်တွေအကြား ဆက်စပ်မှုတွေ လုပ်ဆောင်နိုင်တယ်ဆိုတဲ့ အချက်ကိုတော့ ယုံကြည်မှု နည်းပါးတတ်ကြပါတယ်။

တကယ်တော့ သင့်ရဲ့ 'Why'ဟာ သင့်စွမ်းဆောင်ရည်တွေ မြင့်တက်အောင် လောင်စာဖြည့်တင်းပေးတဲ့သဘော ရည်ညွှန်းနေပါတယ်။

ပြီးတော့ သင့်ခွန်အား၊ စွမ်းဆောင်ရည်တွေကလည်း သင့်ရဲ့

mgyoe.com

mgyoe.com



'Why' ကို ပြည့်စုံအောင် လုပ်ဆောင်ပေးတဲ့ နည်းလမ်းတစ်ရပ်ဖြစ်ပါတယ်။

သင့်ရဲ့ စွမ်းဆောင်ရည်တွေကို 'Why' ဖြင့် စိစစ်ခွဲခြားပြီး သူ့နေရာနဲ့သူ အသားကျစွာ သုံးစွဲမယ်ဆိုရင် သင့်ရည်မှန်းချက်ကို ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိစွာနဲ့ အကောင်းဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

**အဆင့် ၄ - သင့်ရဲ့ 'Why' ကို အလွှာလိုက် သုံးစွဲနိုင်လေ သင့်အတွက် အောင်မြင်တိုးတက်မှုတွေ ပိုမိုရရှိလေ။**

သင့်ရဲ့ ရည်မှန်းချက်ထဲမှာ မှန်မှန်ကန်ကန်လုပ်ဆောင်ခြင်းသဘောတွေ၊ ပူးပေါင်းလက်တွဲသင့်သောသူတွေနဲ့ ပူးပေါင်းဆောင်ရွက်ရခြင်းတွေ ရောပြွမ်းပါဝင်လျက်ရှိဖို့ လိုအပ်ပါတယ်။

တချို့သောလူတွေဟာ သူတို့ကြိုးစားအားထုတ်နိုင်စွမ်းထက် အကျိုးရလဒ်ကောင်းတွေ များစွာရရှိဖို့ မျှော်လင့်ထားတတ်ကြပါတယ်။

အများအားဖြင့် သူတို့ဟာ လုပ်နိုင်စွမ်းထက် ပိုမိုနာမည်ကြီးလိုကြပြီး တိုးတက်အောင်မြင်မှုတွေကိုလည်း ဆက်လက်မြင့်တက်စွာ လိုချင်ကြပါတယ်။

တစ်နေ့တစ်ရက်ချင်းအလိုက် အောင်မြင်မှုတွေ ရယူလိုတယ်ဆိုရင် Why ကို အလွှာလိုက် သုံးစွဲနိုင်ဖို့ လိုအပ်ပါတယ်။

**အဆင့် ၅ - သင့်ရဲ့ Why က အပြိုင်အဆိုင်လုပ်ကိုင်ရသော ကိစ္စတွေမှာ သင့်ကို ဇွဲရှိစွာ ဆက်လက်ယှဉ်ပြိုင်နိုင်အောင် ထိန်းချုပ်ပေးပါတယ်။**

အလုပ်မှ အငြိမ်းစားယူပြီးနောက်ပိုင်း မကြာခင် သေဆုံးသွားရတဲ့ သူတစ်ယောက်ယောက်ရဲ့ အကြောင်းကို သင်ကြားဖူး၊ သိဖူးပြီးသား

mgyoe.com

mgyoe.com


ဖြစ်ပါလိမ့်မယ်။

ဘာကြောင့် အခုလိုဖြစ်ရတာလဲ။

တကယ်တော့ အကျိုးခံစားခွင့်နဲ့ မထိုက်တန်ဘဲ စောစီးစွာ ကွယ်လွန်သွားရသူတွေဟာ 'Why' နှင့်အတူ ရှင်သန်ရပ်တည်နိုင်တဲ့ အခွင့်အရေးတွေ နည်းပါးနေခဲ့လို့သာ ဖြစ်ပါတယ်။ 'Why' ကို ကောင်းစွာ အသုံးမချနိုင်ဘဲ ဘဝခရီး အဆုံးသတ်သွားရသူတွေဟာ တစ်သက်တာ ခရီးအတွက် ကျန်ရှိတဲ့ဘဝရဲ့အချိန်တွေကို ရည်မှန်းချက်ထားပြီး ဆောင်ရွက်နိုင်ခြင်းမရှိခဲ့လို့သာ ဖြစ်ပါတယ်။

နေ့စဉ် ပြုမူဆောင်ရွက်ချက်တိုင်းမှာ ရည်မှန်းချက်တွေကိုယ်စီ ရှိနေဖို့လိုပါတယ်။ အဲဒီရည်မှန်းချက်တွေ လွဲချော်ခြင်းမရှိရအောင် 'Why' က ထိန်းကျောင်းပေးမှာဖြစ်ပါတယ်။

ကျွန်တော်ဟာ အလုပ်ကနေ အငြိမ်းစားယူဖို့အတွက် ဘယ်တော့မှ ဆန္ဒပြင်းပြခြင်းမရှိခဲ့ပါဘူး။ ကျွန်တော်က အဖေနဲ့ စရိုက်လက္ခဏာချင်း၊ စိတ်ဓာတ်ချင်းတူညီတဲ့သူတစ်ယောက် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ကျွန်တော့်လက်ထဲမှာ ဘာတစ်ခုမှ မကျန်ရစ်တော့တဲ့အထိ ရှင်သန်ရပ်တည်မယ်၊ ပေးကမ်း သုံးစွဲခြင်းတွေ ပြုလုပ်မယ်လို့ စိတ်ပိုင်းဖြတ်ထားခဲ့ပါတယ်။

ကျွန်တော့်ဖခင်က ယနေ့အချိန်မှာ အသက် ၉၄ နှစ်အရွယ်ကို ရောက်လာခဲ့ပါပြီ။ သူဟာ နေ့စဉ်နံနက်တိုင်း စိတ်လှုပ်ရှားမှုတွေနဲ့ အိပ်ရာကနေ နိုးထလာခဲ့တယ်။ ဘာကြောင့်လဲ...၊ အကြောင်းကတော့ နေ့စဉ် စိတ်နိုးကြားတက်ကြွစွာနဲ့ အိပ်ရာကနေ စောစောထရတဲ့ အကြောင်းရင်း ရှိနေလို့ပဲဖြစ်ပါတယ်။

အဖေက နေ့စဉ်တိုင်း သူ့ရဲ့ သက်တူရွယ်တူ သူငယ်ချင်းတွေဆီ အလည်သွားခဲ့တယ်။ သူနဲ့ နေ့စဉ်တွေ့ဆုံတဲ့သူတိုင်းကို စိတ်ဓာတ်မကျ

mgyoe.com

mgyoe.com


ဘဲ အသက်ရှင်ကျန်နေသမျှ ကာလပတ်လုံး စိတ်ဓာတ်တက်ကြွစွာနဲ့ ရပ်တည်နိုင်ဖို့ တိုက်တွန်းလေ့ရှိတယ်။

အဖေက ဘဝသရုပ်ဖော်ကဗျာတွေ၊ စာတွေ ရေးသားပြီး သူနဲ့ ဘဝတူသူတွေဆီ စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးတဲ့အနေနဲ့ ဝေငှပေးလေ့ရှိတယ်။

ကျွန်တော့်အဖေကို တွေ့တဲ့လူတိုင်းက ချီးမွမ်းကြတယ်။

"ခင်ဗျားက ကျန်းမာပြီး အသက်ရှည်တယ်၊ ဘုရားက ကောင်းချီးပေးတာပဲဗျာ"

ကျွန်တော်က အဖေ့လိုမျိုး သက်ရှည်ကျန်းမာအောင် ကြိုးစားမယ်၊ စိတ်ဓာတ်မြင့်တက်အောင် ရှင်သန်နေထိုင်မယ်လို့ ပြတ်သားစွာဆုံးဖြတ်ထားတယ်။

ဘဝအောင်မြင်ရေးအတွက် ခိုင်မာတိကျတဲ့ ရည်မှန်းချက်ထားရှိရမှာဖြစ်သလို သက်ရှည်ကျန်းမာရေးအတွက်လည်း 'Why' ကို အသုံးချပြီး ဘာကြောင့် အခုလို နေထိုင်စားသောက်သင့်တယ်၊ ပြုမူဆောင်ရွက်သင့်တယ်ဆိုတဲ့ အကြောင်းအကျိုးညီညွတ်သောအချက်တွေနဲ့ ရည်မှန်းချက်ထားရှိပြီး အောင်မြင်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျွန်တော်က အဖေ့လိုပဲ သက်ရှည်ကျန်းမာအောင် ကြိုးစားပြီး သက်တမ်းစေ့နေနိုင်အောင် ရည်ရွယ်ထားခဲ့တယ်။ ကျန်ရှိတဲ့ဘဝသက်တမ်းမှာ အဓိပ္ပာယ်ရှိရှိနေနိုင်အောင် ကြိုးစားဖို့ ဆုံးဖြတ်ထားခဲ့တယ်။

သင်ထားရှိသော 'Why' နဲ့ပတ်သက်ပြီး သင် ဘာတွေ သိထားပါသလဲ။

သင်က ရည်မှန်းချက်ရှိထားတဲ့အတိုင်း အောင်မြင်အောင် ဆောင်ရွက်လိုတယ်ဆိုရင် ရည်မှန်းချက်တစ်ခုလုံးကို အချိန်တိုအတွင်း ပြည့်ဝအောင် ရယူနိုင်ခြင်း မရှိတာကြောင့် ဖြည်းဖြည်းချင်းနဲ့ နည်းနည်းစီ

mgyoe.com

mgyoe.com



အကောင်အထည်ဖော်သွားဖို့ လိုအပ်ပါတယ်။

## လူတိုင်းမှာ 'Why' တစ်ခုစီ ရှိပြီးဖြစ်တယ်

လူတိုင်းမှာ 'Why' တစ်ခုစီ ရှိပြီးဖြစ်သလို 'Why' ကို ရှာဖွေတွေ့ရှိနိုင်တဲ့ အရည်အသွေးတွေလည်း ကိုယ်စီရှိဖို့လိုပါတယ်။

**'Why' နှင့်ပတ်သက်ပြီး သိကောင်းစရာများ**

- လူတိုင်းဟာ သူတို့ရဲ့ ဘဝရည်မှန်းချက်အတွက် 'Why' ကို ဖန်တီးနိုင်စွမ်းရှိကြပြီး ပိုမိုစွမ်းရည်ပြည့်ဝသော လူသားမျိုးနွယ်တွေ ဖြစ်အောင်လည်း အကောင်အထည်ဖော်ရာမှာ အောင်မြင်မှုတွေ ရရှိကြပါတယ်။
  သင်လည်း Why ကို ဖန်တီးနိုင်စွမ်းရှိသူတွေထဲမှာ တစ်ယောက် အပါအဝင်ဖြစ်ပါတယ်။
- လူတိုင်းကိုယ်စီမှာ အထုံပါရမီကောင်းတွေ ရှိတတ်ကြပြီး အဲဒီ အထုံပါရမီတွေက သက်ဆိုင်ရာပုဂ္ဂိုလ်တစ်ဦးချင်းစီကို ပိုမိုအစွမ်းထက်တဲ့ လူသားတွေအဖြစ် ဖန်တီးပေးနိုင်ကြပါတယ်။
  သင်ကိုယ်တိုင်လည်း အထုံပါရမီကောင်းရှိသူတွေထဲမှာ တစ်ယောက် အပါအဝင် ဖြစ်ပါတယ်။
- လူတိုင်းကိုယ်စီမှာ အစွမ်းအစကြီးမားသောသူဖြစ်လာစေဖို့ အတွက် အခွင့်အရေးကောင်းတွေကိုယ်စီ ရှိနေပြီးဖြစ်ပါတယ်။
  အခွင့်အရေးကောင်းရှိသူတွေထဲမှာ သင်လည်း တစ်ယောက် အပါအဝင်ဖြစ်ပါတယ်။
- လူတိုင်းမှာ တိကျသော ရည်မှန်းချက်တွေ ကိုယ်စီရှိနေတတ်ပြီး အဲဒီရည်မှန်းချက်တွေ ပြည့်ဝအောင် ဖန်တီးအကောင်အထည်

mgyoe.com

mgyoe.com



ဖော်ရာမှာလည်း အစွမ်းအစကောင်းတွေ ရှိနေတတ်ပါတယ်။ သင်ကိုယ်တိုင်လည်း ရည်မှန်းချက်ရှိသူတွေအကြားမှာ တစ်ယောက် အပါအဝင်ဖြစ်ပါတယ်။

⊃ လူတိုင်းကိုယ်စီမှာ ရည်မှန်းချက်ကို အကောင်အထည်ဖော်ဖို့ ရွေးချယ်/စိစစ်ခြင်းတွေ ပြုလုပ်ရပါမယ်။
သင်ကိုယ်တိုင်လည်း ရည်မှန်းချက်တွေကို အကောင်အထည်ဖော်ဖို့ ရွေးချယ်/စိစစ်ခြင်းတွေ ပြုလုပ်နိုင်ပါတယ်။

Why နဲ့ပတ်သက်ပြီး သင့်ရဲ့ ခံစားနားလည်နိုင်စွမ်းတွေက မြင့်မားတယ်ဆိုရင် သင့်ရဲ့ ရည်မှန်းချက်တွေကို အကောင်အထည်ဖော်ရာမှာ လွယ်ကူအဆင်ပြေမှုတွေ ရှိနေမှာဖြစ်ပါတယ်။

ကျွန်တော်က ရည်မှန်းချက်အကောင်အထည်ဖော်ဖို့ အခွင့်အရေးရှိတယ်ဆိုတာနဲ့ အခြေအနေတိုင်းကို သေချာစွာသိရအောင် မေးခွန်းထုတ်ရမှာဖြစ်ပါတယ်။

ကျွန်တော်က မေးခွန်းတိုင်းအတွက် အဖြေတွေရရှိအောင် အမြဲတမ်း နားထောင်တတ်လေ့ရှိပါတယ်။

ကျွန်တော့်မိခင်က ကျွန်တော့်ကို သင်ပြမှုအမျိုးမျိုး ပြုလုပ်ခဲ့ပါတယ်။ သူမက ကျွန်တော့်အတွက် သင်ပြမှုတွေလုပ်ဖို့ အမြဲတမ်း အချိန်တွေ ပေးတတ်တယ်။

မိခင်က ကျွန်တော့်အတွက် အမြဲတမ်း အချိန်ပေး၊ အာရုံစိုက်ပေးတတ်တယ်။ ကျွန်တော်နဲ့မိခင်က အတူထိုင်ပြီး စကားပြောဆို၊ တိုင်ပင်ဆွေးနွေးတတ်ကြတယ်။ ကျွန်တော် ပြောတဲ့စကားကို မိခင်က နားထောင်သလို မိခင်ပြောတာတွေကိုလည်း ကျွန်တော်က အမြဲတမ်း နားထောင်တတ်ပါတယ်။

ကျွန်တော့်မိခင်က ကျွန်တော့်စကားမှန်သမျှကို အလေးထားတတ်

mgyoe.com